# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
# (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၂၁၈ ) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉/၂၀၁၂)နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅)တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထား သော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | စခန်းတာဝန်ခံ<br>ရင်းငြိမ်ကုန်ထုတ်စခန်း၊ အကျဉ်းဦးစီးဌာန |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - | ရန်ကုန်-မော်လမြိုင်ကားလမ်းဘေး မိုင်တိုင်အမှတ်(၁၆၇)၊ နတ်စင်ကွင်း၊ ပန်းကုန်းကျေးရွာအုပ်စု၊ ပေါင်မြို့နယ်၊ သထုံခရိုင်၊ မွန်ပြည်နယ်။ ၀၉-၆၉၇၇၈၂၄၃၇ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | လမ်းခင်းကျောက်ထုတ်လုပ်မှုလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | မြေဧရိယာ (၅၁.၆၃) ဧကအနက်မှ ထုတ်နုတ် (၁၃.၈၀)ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ပန်းကုန်းကျေးရွာအုပ်စု၊ နတ်စင်ကွင်း ရန်ကုန်-မော်လမြိုင်ကားလမ်းဘေး မိုင်တိုင်အမှတ်(၁၆၇)၊ ကွင်းအမှတ်(၇၈၃/က)၊ မြေကွက်အမှတ်(၅၄၂၊ ၆၄၆)၊ ဦးပိုင်အမှတ်(၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄၊ ၁၆၅၊ ၂၀၇၊ ၂၀၈၊ မြေလပ်) |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - | စတင်ထုတ်ပေးရက် - ၂-၁-၂၀၂၅<br>သက်တမ်းကုန်ဆုံးရက် - ၁-၁-၂၀၃၀ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - | မွန်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၏ ၁၁-၄-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၂/၆/၇(၀၃) (၉၈၇/၂၀၂၄) ဖြင့်တင်ပြသည့်**"ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE)အစီရင်ခံစာ"** |

၁၈.၂.၂၀၂၅

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအစဉ် တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

## ရင်းငြိမ်ကုန်ထုတ်စခန်း (နိုင်ငံပိုင်)အကျဉ်းဦးစီးဌာန၏
## လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် စီမံကိန်းအကြောင်းအရာ

၁။ ရင်းငြိမ်ကုန်ထုတ်စခန်း (နိုင်ငံပိုင်)အကျဉ်းဦးစီးဌာနမှ မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ပန်းကုန်းကျေးရွာအုပ်စု၊ နတ်စင်ကွင်း၊ ကွင်းအမှတ်(၇၈၃/က)၊ မြေကွက်အမှတ်(၅၄၂၊ ၆၄၆)၊ ဦးပိုင်အမှတ်(၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄၊ ၁၆၅၊ ၂၀၇၊ ၂၀၈၊ မြေလပ်)ရှိ မြေဧရိယာ (၅၁.၆၃) ကေအနက်မှ ထုတ်နုတ်(၁၃.၈၀)ကေပေါ်တွင် လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် မွန်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၏ ၁၁-၄-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ ၂/၆/၇ (၀၃)(၉၈၇/၂၀၂၄) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာ ဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate- ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** စခန်းတာဝန်ခံ ၊ ရင်းငြိမ်ကုန်ထုတ်စခန်း (နိုင်ငံပိုင်) အကျဉ်းဦးစီးဌာန၊ ရန်ကုန်-မော်လမြိုင်ကားလမ်းဘေး မိုင်တိုင်အမှတ်(၁၆၇)၊ နတ်စင်ကွင်း၊ ပန်းကုန်းကျေးရွာအုပ်စု၊ ပေါင်မြို့နယ်၊ သထုံခရိုင်၊ မွန်ပြည်နယ်၊ ဖုန်း-၀၉ ၆၉၇၇၉၂၄၃၇ ဖြစ်ပါသည်။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်မှာ အပေါ်ယံမြေလွှာများနှင့် ကျောက်ပွများအား ဖယ်ရှားပြီး စနစ်တကျ စုပုံထားရှိကြောင်း၊ လက်ထိုးဂန်းဖြင့် ၅ ပေခန့် ကျင်းဖောက်ပြီး ယမ်းနှင့်ဆက်စပ်ပစ္စည်းများ အသုံးပြု၍ စနစ်တကျ ဖောက်ခွဲကြောင်း၊ မိုင်းဖောက်ခွဲခြင်း ပြုလုပ်ရာတွင် ဘေးပတ်ဝန်းကျင်သို့ တုန်ခါမှုနှင့် ဆူညံသံထွက်ရှိမှု နည်းပါးစေရန်အတွက် တစ်နေ့လျှင် ညနေ (၁၇:၀၀)မှ(၁၈:၀၀)နာရီတွင် (၁)ကြိမ်သာ ဆောင်ရွက်ကြောင်း၊ ယမ်းခွဲထားသော ကျောက်တုံးအပိုင်းများကို လုပ်အားရှင် (၂၈၉)ဦး၏ လုပ်အားသုံး၍ (၆"×၉")နှင့်(၂"×၄") အရွယ်အစားရှိသော လမ်းခင်းကျောက်များကိုသာ အဓိကထုတ်လုပ်ကြောင်း၊ ကျောက်မိုင်းအလယ်ဘေးကင်းသော မြေလွတ်နေရာတွင် အသင့်ရောင်းချရန်ရှိသော ကျောက်တုံးများကို စနစ်တကျ စုပုံထားပြီး ကိုယ်စားလှယ် (အဝယ်တော်)များထံ တန်ဖိုးသင့်နှုန်းဖြင့် ရောင်းချကြောင်း၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းအဖြစ် (ရန်ကုန်-မော်လမြိုင်ကားလမ်း)အား အသုံးပြုပြီး ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရန် ကျောက်သယ်ဆောင်သည့် ယာဉ်များအား တာပေါ်လင်စများဖြင့် ဖုံးအုပ်၍ သယ်ယူပို့ဆောင်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** ကျောက်မိုင်းခွဲရာတွင် ကျောက်ကျင်းတစ်ကျင်းအတွက် ယမ်းနှင့်ဆက်စပ်ပစ္စည်းဖြစ်သော အီမျူးရှင်း (၀.၃၃)ကီလိုဂရမ်၊ ကော့ဒက် (၃.၀၀)မီတာ၊ ဆေ့ဖတီးဖြူစ်

(၀.၀၅)မီတာ၊ ဒီတိုနေတာ(၀.၀၃)လုံးအား အသုံးပြုဆောင်ရွက်ကြောင်း၊ လုပ်သားအင်အားအနေဖြင့် (၆၂)ဦး ပါဝင်သည့် အဖွဲ့(၄)ဖွဲ့ ဖွဲ့စည်းထားသည့် လုပ်အားရှင်(၂၈၉)ဦးဖြင့် လုပ်ငန်းဆောင်ရွက်ကြောင်း၊ အသုံးပြုမည့် စက်ယန္တရားအင်အားမှာ ဝွန်ဒေါင်းလေမှုတ်စက်(၇)လုံး၊ တရုတ်လေမှုတ်စက်(၁)လုံး၊ ဝိုင်-၂၄ ကျောက်ဖောက်စက်(၈)လုံး၊ ဝိုင်-၁၉ ကျောက်ဖောက်စက်(၅)လုံး၊ ဟီးနိုင်း(အီတိုနို) တစ်ပါ(၁)စီး၊ ထရန်ဖော်မာ(၁)လုံး၊ ဖော်လန်လိုက်ထရပ်(၁)စီးနှင့် ရေမှုန်အမြောက်စက်(၁)လုံးတို့ အသုံးပြုမည်ဖြစ်ပြီး တစ်နှစ်လျှင် ဒီဇယ်ဆီ (၉၀၀၀)ဂါလန်ခန့် သုံးစွဲမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ပန်းကုန်းကျေးရွာအုပ်စု၊ နတ်စင်ကွင်း၊ ကွင်းအမှတ်(၇၈၃/က)၊ မြေကွက်အမှတ်(၅၄၂၊ ၆၄၆)၊ ဦးပိုင်အမှတ်(၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄၊ ၁၆၅၊ ၂၀၇၊ ၂၀၈၊ မြေလပ်)ရှိ မြေဧရိယာ (၅၁.၆၃) ဧကအနက်မှ ထုတ်နုတ်(၁၃.၈၀)ဧကတွင် တည်ရှိပါသည်။

ရင်းငြိမ်ကုန်ထုတ်စခန်း (နိုင်ငံပိုင်)အကျဉ်းဦးစီးဌာနမှ မွန်ပြည်နယ်၊ သထုံခရိုင်၊
ပေါင်မြို့နယ်၊ ပန်းကုန်းကျေးရွာအုပ်စု၊ နတ်စင်ကွင်း၊ မြေဧရိယာ (၅၁.၆၃) ဧကအနက်မှ
ထုတ်နုတ်(၁၃.၈၀)ဧကရှိ လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ




ရင်းငြိမ်ကုန်ထုတ်စခန်း (နိုင်ငံပိုင်) အကျဉ်းဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်ပြဇယား

ကျောက်တောင်များအား အပေါ်ယံမြေလွှာဖယ်ရှားခြင်း

↓

ကျောက်တောင်များကို Gun ဖြင့်ဖောက်ခြင်း

↓


ယမ်းနှင့် ဆက်စပ်ပစ္စည်းများသုံး၍ ဖောက်ခွဲခြင်း

↓

လုပ်အားရှင် လုပ်အားဖြင့် လိုအပ်သောကျောက်အရွယ်အစားထုတ်လုပ်ခြင်း


## ရင်းငြိမ်ကုန်ထုတ်ခန်း(နိုင်ငံပိုင်)အကျဉ်းဦးစီးဌာန ကုန်ထုတ်စခန်း၏ ဖွဲ့စည်းတည်ဆောက်ပုံ

## (Layout Map)






## ရင်းငြိမ်ကုန်ထုတ်ခန်း (နိုင်ငံပိုင်)အကျဉ်းဦးစီးဌာန၏ အနီးပတ်ဝန်းကျင်ပြမြေပုံ




### မြေပုံအညွှန်း

- စီမံကိန်းဧရိယာ
- မီးရထားလမ်း
- လမ်းဧရိယာ
- လေ့လာသည့်ဧရိယာ (အချင်းဝက် ၁ကီလိုမီတာ)

(၁) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ
(၂) ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့်မီးသတ်ရုံး
(၃) သင်ပေါင်းချောင်းဘုန်းကြီးကျောင်း
(၄) ရာမညနိကာယသာသနာ့ဗိမာန်
(၅) ကုမ္ပဏီကိုယ်ပိုင်မူလတန်းကျောင်း
(၆) အခြေခံပညာမူလတန်းလွန်ကျောင်း
(၇) ဆရီမာရီယမ္မာန်မယ်တော်ကြီးကျောင်း
(၈) စိန့်တိဌတသဒ္ဓမ္မောသိမ်ကျောင်း
(၉) သမိုင်းဝင်စင်းကျိုက်ဆံတော်ရှင်မြတ်
(၁၀) စင်းကျိုက်ဆံတော်ရှင်ပုံတူစေတီတော်
(၁၁) ဓမ္မဒါယီဘုန်းကြီးကျောင်း
(၁၂) ရင်ငန်းတောင်ဘုန်းကြီးကျောင်း
(၁၃) သုဝဏ္ဏဓမ္မရံသီ သီလရှင်ဝိပဿနာကျောင်း
(၁၄) လောကချမ်းသာဘုရား
(၁၅) နွန်းလွန်းဂူပရိယတ္တိစာသင်တိုက်
(၁၆) စိတ္တသုခဘုန်းကြီးကျောင်း
(၁၇) ကျိုက်ထီးရိုးလေးစေတီပုဗ္ဗာရုံကျောင်း
(၁၈) ရေတံခွန်တောရ ကျောင်းသစ်ကျောင်း
(၁၉) ရန်ကုန်ဘုန်းကြီးကျောင်း
(၂၀) လောကသုခဘုန်းကြီးကျောင်း
(၂၁) ကျောက်မဏ္ဍပ်ဘုန်းကြီးကျောင်း
(၂၂) ပုဂ္ဂလိကကျောက်ထုတ်လုပ်ရေးစခန်း

နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE)အစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူသည် လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် မွန်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၏ ၁၁-၄-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ ၂/၆/၇ (၀၃)(၉၈၇/၂၀၂၄) ဖြင့် တင်ပြလာသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရန်၊

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပြုစီမံကိန်းအနေဖြင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်မှာ အပေါ်ယံမြေလွှာများနှင့် ကျောက်ပွများအား ဖယ်ရှားပြီး စနစ်တကျ စုပုံထားရှိကြောင်း၊ လက်ထိုးဂန်းဖြင့် ၅ ပေခန့် ကျင်းဖောက်ပြီး ယမ်းနှင့်ဆက်စပ်ပစ္စည်းများ အသုံးပြု၍ စနစ်တကျဖောက်ခွဲကြောင်း၊ မိုင်းဖောက်ခွဲခြင်း ပြုလုပ်ရာတွင် ဘေးပတ်ဝန်းကျင်သို့ တုန်ခါမှုနှင့်ဆူညံသံထွက်ရှိမှုနည်းပါးစေရန်အတွက် တစ်နေ့လျှင် ညနေ (၁၇:၀၀)မှ (၁၈:၀၀)နာရီတွင် (၁)ကြိမ်သာ ဆောင်ရွက်ကြောင်း၊ ယမ်းခွဲထားသော ကျောက်တုံးအပိုင်းများကို လုပ်အားရှင် (၂၈၉)ဦး၏ လုပ်အားသုံး၍ (၆"×၉")နှင့် (၂"×၄")အရွယ်အစားရှိသော လမ်းခင်းကျောက်များကိုသာ အဓိကထုတ်လုပ်ကြောင်း၊ ကျောက်မိုင်းအလယ် ဘေးကင်းသော မြေလွတ်နေရာတွင် အသင့်ရောင်းချရန်ရှိသော ကျောက်တုံးများကို စနစ်တကျ စုပုံထားပြီး ကိုယ်စားလှယ် (အဝယ်တော်)များထံ တန်ဖိုးသင့်နှုန်းဖြင့် ရောင်းချကြောင်း၊ သယ်ယူပို့ဆောင်ရေး လမ်းကြောင်းအဖြစ် (ရန်ကုန်-မော်လမြိုင်ကားလမ်း)အား အသုံးပြုပြီး ပတ်ဝန်းကျင်ထိခုက်မှုမရှိစေရန် ကျောက်သယ်ဆောင်သည့်ယာဉ်များအား တာပေါ်လင်စများဖြင့်ဖုံးအုပ်၍ သယ်ယူပို့ဆောင်ကြောင်း ဖော်ပြထားပြီး ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE)အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျောက်များအတင်အချလုပ်သည့်နေရာများ၊ ကျောက်စုပုံကွင်းမှ အဝေးပြေးလမ်းမအထိ မြေသားလမ်းအား နှစ်စဉ်ပြုပြင်ခြင်းများ ဆောင်ရွက်ရန်၊

(၂) ဖုန်မထစေရန် ရာသီဥတုအပေါ်မူတည်၍ ရေဖျန်းခြင်း၊ ယာဉ်၊ ယန္တရားများ မောင်းနှင်သည့် အရှိန်ကို ကန့်သတ်ခြင်းများ ဆောင်ရွက်ရန်၊

(၃) အမှုန်အမွှားထုတ်လွှတ်သောနေရာများ၌ ကားလမ်းနှင့်အပြိုင် အကာအရံများ ထားရှိခြင်း၊ ပိုက်စိမ်းများကာရံခြင်း၊ ဖုန်ထွက်သည့်နေရာတွင် ရေဖျန်းထားခြင်း၊ သစ်ပင်များစိုက်ပျိုးထားခြင်း စသည်တို့ဆောင်ရွက်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** ရေအရည်အသွေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ မိုးရာသီတွင် ကျောက်ထုတ်လုပ်ငန်းမှ ဖြတ်သန်းစီးဆင်းလာသော ရေများသည် ဆည်မြောင်းနှင့် မြစ်ချောင်းများအတွင်းသို့ ရောက်ရှိပြီး ရေအရည်အသွေးကျဆင်းမှု မဖြစ်စေရန်နှင့် စိုက်ပျိုးမြေများအတွင်းသို့ ရောက်ရှိပြီး မြေအရည်အသွေးကျဆင်းမှု မဖြစ်စေရန် စီးဆင်းရေ အနည်ထိုင်ကန်များတူး၍ ဖြတ်သန်းစီးဆင်းစေရေး လိုက်နာဆောင်ရွက်ရမည်။

(င) **မြေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အပေါ်ယံမြေဆီလွှာများကို ကျောက်ထုတ်လုပ်ထားသော ကျင်းများ၊ ချိုင့်များ၏ နေရာတွင် ပြန်လည်မြေဖို့ပြီး ဒေသနှင့်ကိုက်ညီသောအပင်များ စိုက်ပျိုးနိုင်ရေး အတွက် ဆောင်ရွက်ရန်၊

(၂) အပေါ်ယံမြေဆီလွှာများကို အလျား ပေ (၃၀)၊ အနံ ပေ (၂၀)ရှိသည့် ယာယီ စုပုံရာ နေရာတွင် အမြင့် (၆)ပေအထိသာ ထားရှိစုပုံဆောင်ရွက်ရန်၊

(၃) မိုးရာသီတွင် ရေတိုက်စားမှုမဖြစ်စေရေးနှင့် အနည်အနှစ်များပြင်ပသို့ စီးဆင်း ခြင်းများ အလွယ်တကူမဖြစ်စေရေးအတွက် ရေနုတ်မြောင်းများ ဖောက်လုပ် ဆောင်ရွက်ရန်နှင့် အကာအရံများ တည်ဆောက်ထားရှိ ဆောင်ရွက်ရန်၊

(၄) ခွဲကျောက်များစုပုံရာတွင် လျှောစောက်အား (၄၀)ဒီဂရီထက် ကျော်လွန်ခြင်း မရှိအောင် စုပုံထားရှိပြီး ပမာဏများစွာ စုပုံခြင်းမပြုဘဲ သတ်မှတ်ထားသော ပမာဏအတိုင်း စုပုံဆောင်ရွက်ရန်၊

(စ) **ဆူညံသံ၊ တုန်ခါမှုစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံဖြစ်ပေါ်စေသော ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုသည့် အလုပ် သမားများကို လုံလောက်သောနားအကာအကွယ်အပါအဝင် သင့်လျော်သည့် တစ်ကိုယ်ရေကာကွယ်မှုပစ္စည်းများ (PPE)ကို အသုံးပြုဆောင်ရွက်ရန်၊

(၂) ဖောက်ခွဲခြင်း၊ ဆူညံသံ၊ တုန်ခါခြင်းတို့နှင့်ပတ်သက်သော လူထုမှ တိုင်ကြားချက်အားလုံးကို စီမံခန့်ခွဲရန်အတွက် လူထုနစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းသည့်စနစ်အား တည်ထောင်ထားရှိ ဆောင်ရွက်ရန်၊

(၃) ကျောက်ခွဲစက်နှင့် စက်ကိရိယာများအား နေ့အချိန်တွင်သာ လည်ပတ်စေခြင်း၊ လူနေထိုင်ရာနေရာများနှင့် သဘာဝကြားခံဖြစ်စေရန် သစ်ပင်များစိုက်ပျိုးခြင်း၊ အချိန်အကန့်အသတ်ဖြင့်သာ လည်ပတ်စေခြင်းများ ဆောင်ရွက်ရန်၊

(၄) သတ်မှတ်ထားသော နေရာများနှင့် လမ်းများသို့ ကျောက်သယ်ယာဉ်၊ ယန္တရားများ သွားလာသည့်အခေါက်ရေများအား ကန့်သတ်ဆောင်ရွက်ရန်၊

(၅) ဖောက်ခွဲရေးလုပ်ဆောင်မှုများကို တစ်နေ့တာ၏ သတ်မှတ်ထားသောအချိန်တွင် ဆောင်ရွက်ပြီး ကျွမ်းကျင်သော ဝန်ထမ်းများဖြင့်သာ ဆောင်ရွက်ရန်၊

(၆) ယမ်းများ အဆမတန်သုံးစွဲခြင်းကို ရှောင်ရှားရန်အတွက် ယမ်းအား အတိုင်းအဆနှင့် ဖောက်ခွဲခြင်းကို မှန်ကန်စွာ အသုံးပြုဆောင်ရွက်ရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ပစ္စည်းအဟောင်းများ၊ မသုံးစွဲတော့သည့်ပစ္စည်းကိရိယာများ၊ အပိုပစ္စည်းများကို ပြန်လည်သုံးစွဲနိုင်ရန်အတွက် စနစ်တကျစွန့်ပစ်ခြင်း၊ စားကြွင်းစားကျန်များအား တိရစ္ဆာန်အစာနှင့် မြေသြဇာအဖြစ် အသုံးပြုဆောင်ရွက်ရန်၊

(၂) စွန့်ပစ်အကြွင်းအကျန်များသည် အနံ့ဆိုးခြင်း၊ အမြင်မလှခြင်း၊ မီးလောင်နိုင်ခြင်း စသည့် ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်ခြင်းမရှိစေရေး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်ရန်၊

(၃) သုံးစွဲပြီးပစ္စည်းများကိုထပ်မံသုံးစွဲရန်အတွက်စနစ်တကျသိမ်းဆည်း၍ပြန်လည်သုံးစွဲခြင်း၊ စက်ဆီ၊ ချောဆီအဟောင်းများအား စနစ်တကျ သိမ်းဆည်းစွန့်ပစ်ပြီး လိုအပ်သည့်နေရာများတွင် ပြန်လည်အသုံးပြုခြင်း၊ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့နှင့်ဆက်သွယ်၍ စွန့်ပစ်ခြင်းများ ဆောင်ရွက်ရန်။

(ဇ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) IUCN စာရင်းဝင် ဇီဝမျိုးစုံမျိုးကွဲများ၏ စာကျက်မြေနေရာများအား သီးခြားသတ်မှတ်၍ မြေနေရာရှင်းလင်းမှုများ မပြုလုပ်ရန်၊

(၂) စီမံကိန်းအနီးဝန်းကျင်တွင် သစ်ပင်များ ပြန်လည်စိုက်ပျိုးပေးရန်။

(ဈ) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်အတွက် လုပ်ငန်းဧရိယာအတွင်း လုံလောက်သော မီးသတ်ဆေးဘူးများနှင့် ရေလှောင်ကန်များ ထားရှိခြင်း၊ မီးသတ်ကိရိယာများ ထောက်ပံ့ခြင်းနှင့် ၎င်းပစ္စည်းများကို ကောင်းမွန်သော အခြေအနေဖြစ်နေစေရန် ပုံမှန်စစ်ဆေးခြင်းများ ပြုလုပ်ရန်၊

(၂) မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ မီးသတ်သင်တန်းများနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးသင်တန်းများကို ဝန်ထမ်းများအား ပို့ချရန်၊

(၃) မြန်မာနိုင်ငံမှသတ်မှတ်ထားသော မီးငြိမ်းသတ်ရေး ပစ္စည်းများ၊ အလိုအလျောက် ရေဖျန်းစနစ်များ၊ မီးအသံပေးစနစ်များ၊ မီးအာရုံခံစနစ်များကို တပ်ဆင်ထားရန်၊

(၄) မီးဘေးအန္တရာယ် သတိပေးဆိုင်းဘုတ်များကို လိုအပ်သောနေရာများတွင် ချိတ်ဆွဲထားရန်၊

(၅) မီးဘေးအန္တရာယ်ကင်းရှင်းရေးအဖွဲ့သည် အရေးပေါ်ထွက်ပေါက်များ၊ စုရပ်များ၊ အနီးအနားရှိ ဆေးရုံများနှင့် မီးသတ်ဦးစီးဌာန၏ ဖုန်းနံပါတ်များ၊ သက်ဆိုင်ရာ အစိုးရအာဏာပိုင်များနှင့် အရေးပေါ်ဖြစ်လာပါက ဆက်သွယ်နိုင်ရေး အစီအစဉ်များ ရေးဆွဲထားရန်။

(ည) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်နှင့်ပတ်သက်၍ မီးလောင်ခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ မြေပြိုကျခြင်း၊ ဆီယိုခြင်းနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန် စီမံခြင်းများ၊ ဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာသင်တန်း၊ အခြေခံမီးသတ်သင်တန်း၊ ရှေးဦးသူနာပြုစုသည့် သင်တန်းများ၊ ကျန်းမာရေးဆိုင်ရာအသိပညာပေးသည့် သင်တန်းများပို့ချခြင်း၊ တက်ရောက်ခြင်းများ ဆောင်ရွက်ရမည်။

(ဋ) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အန္တရာယ်ရှိသောပစ္စည်းများကို ကိုင်တွယ်သိမ်းဆည်းစွန့်ပစ်ရမည့် အညွှန်းများ အတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၂) အန္တရာယ်ရှိပစ္စည်းများကို လေဝင်လေထွက်ကောင်းပြီး အေးမြ၍ခြောက်သွေ့သော နေရာများတွင် သိုလှောင်သိမ်းဆည်းဆောင်ရွက်ရန်၊

(၃) အန္တရာယ်ရှိပစ္စည်းများ၏ အနီးတစ်ဝိုက်တွင် မီးလောင်လွယ်သော ပေါက်ကွဲစေတတ်သော ပစ္စည်းများထားရှိခြင်း၊ ဆေးလိပ်သောက်ခြင်း၊ မီးဖိုခြင်း၊ မီးပွားထွက်စေသည့် အလုပ်များလုပ်ဆောင်ခြင်းအား တင်းကြပ်စွာတားမြစ်ဆောင်ရွက်ရန်၊

(၄) အန္တရာယ်ရှိပစ္စည်းများ ထားရှိသည့် အနီးတစ်ဝိုက်တွင် မီးသတ်ဆေးဘူးများ ထားရှိခြင်း၊ မီးသတ်ရေသို့လှောင်ကန်ထားရှိခြင်းနှင့် လုပ်သားများအတွက် လုပ်ငန်းခွင်သုံး ကာကွယ်ရေးအသုံးအဆောင်ပစ္စည်းများအား အသင့်ထားရှိ ဆောင်ရွက်ရန်၊

(၅) အန္တရာယ်ရှိပစ္စည်းများထည့်ထားသည့် ပုံး၊ ခွက်၊ တိုင်ကီစသည်တို့ကိုယိုစိမ့်နေခြင်း ရှိ/မရှိအမြဲစစ်ဆေးခြင်း၊ ယိုစိမ့်နေပါက ချက်ချင်းပြုပြင်ဆောင်ရွက်ရန်၊

(၆) ယမ်းမှုန့်များနှင့် အကြွင်းအကျန်များကိုစွန့်ပစ်ရန် အမှိုက်ပုံးသီးသန့်ထားရှိခြင်း၊ အခြားသော အမှိုက်များနှင့် ရောနှော၍ စွန့်ပစ်ခြင်းမပြုရန်နှင့် မြေကြီးပေါ်သို့လည်းကောင်း၊ ရေထဲသို့လည်းကောင်းစွန့်ပစ်ခြင်းမပြုရန် တားမြစ်ဆောင်ရွက်ရန်။

(ဠ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေးအား ရင်းငြိမ်ကုန်ထုတ်စခန်း၏ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးစောင့်ကြပ်ကြည့်ရှုရေးအဖွဲ့နှင့်တတိယအဖွဲ့တို့မှ(16°45'43.02" N ၊ 97° 24' 32.61"E ) တွင် PM10, CO2 ,CO, CH4, NO2, O3, PM10, PM2.5, SO2, VOCs စသည့် Parameter များအား တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာပြီး လျာထားရန်ပုံငွေအနေဖြင့်တစ်ကြိမ်လျှင်ကျပ်(၁၀)သိန်းခန့်သုံးစွဲဆောင်ရွက်ရန်၊

(၂) အသံနှင့်တုန်ခါမှုတို့အား ရင်းငြိမ်ကုန်ထုတ်စခန်း၏ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးစောင့်ကြပ်ကြည့်ရှုရေးအဖွဲ့နှင့် တတိယအဖွဲ့တို့မှ (16° 45' 43.04"N ၊ 97° 24' 32.51" E) တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာပြီး လျာထားရန်ပုံငွေအနေဖြင့် တစ်ကြိမ်လျှင် ကျပ် (၈)သိန်းခန့် သုံးစွဲဆောင်ရွက်ရန်၊

(၃) ရေထုအရည်အသွေးအား ရင်းငြိမ်ကုန်ထုတ်စခန်း၏ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးစောင့်ကြပ်ကြည့်ရှုရေးအဖွဲ့နှင့် တတိယအဖွဲ့တို့မှ စွန့်ပစ်ရေ (နုန်းစစ်ကန်) (16° 42' 38.18" N ၊ 97° 25' 28.89"E)နှင့် မြေအောက်ရေ (16°42'31.57"N ၊ 97° 25' 21.68"E) တို့တွင် pH, Temperature, Turbidity, TSS, Dissolved Oxygen, BOD, COD, Iron, Free Cyanide, Arsenic, Phosphorous, Total Nitrogen, Lead တို့အား တစ်နှစ်လျှင် (၂)ကြိမ် တိုင်းတာပြီး လျာထားရန်ပုံငွေအနေဖြင့် တစ်ကြိမ်လျှင် ကျပ်(၅)သိန်းခန့် သုံးစွဲဆောင်ရွက်ရန်၊

(၄) မြေထုအရည်အသွေးအား ရင်းငြိမ်ကုန်ထုတ်စခန်း၏ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးစောင့်ကြပ်ကြည့်ရှုရေးအဖွဲ့နှင့် တတိယအဖွဲ့တို့မှ (16° 42' 10"

N ၊ 97° 25' 30.06"E)တွင် pH, Organic Matter, Lead, Arsenic, Cadmium, Zinc, Manganese စသည့် Parameter များအား တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာပြီး လျာထားရန်ပုံငွေအနေဖြင့် တစ်ကြိမ်လျှင် ကျပ် (၃) သိန်းခန့်သုံးစွဲဆောင်ရွက်ရန်၊

(၅) စွန့်ပစ်အစိုင်အခဲ၊ စွန့်ပစ္စည်းအားရင်းငြိမ်ကုန်ထုတ်စခန်း၏ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့နှင့် တတိယအဖွဲ့တို့မှ စီမံကိန်းအတွင်း ယာယီသိုလှောင်နေရာများတွင် လစဉ်စစ်ဆေးပြီး လျာထားရန်ပုံငွေအနေဖြင့် တစ်ကြိမ်လျှင် (၇)သောင်းကျပ်ခန့် သုံးစွဲဆောင်ရွက်ရန်၊

(၆) အန္တရာယ်ရှိသော ပစ္စည်းများအား ရင်းငြိမ်ကုန်ထုတ်စခန်း၏ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးစောင့်ကြပ်ကြည့်ရှုရေးအဖွဲ့မှ ဆီသိုလှောင်ရာနေရာတွင် စစ်ဆေးပြီး လျာထားရန်ပုံငွေအနေဖြင့် လစဉ် ကျပ် (၁၅၀,၀၀၀)ခန့် သုံးစွဲဆောင်ရွက်ရန်၊

(၇) ဇီဝမျိုးစုံမျိုးကွဲများနှင့်ဂေဟစနစ်အား ရင်းငြိမ်ကုန်ထုတ်စခန်း၏ ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့မှ စီမံကိန်းဧရိယာနှင့် အနီးပတ်ဝန်းကျင်တွင် စစ်ဆေးပြီး လျာထားရန်ပုံငွေအနေဖြင့် လစဉ် ကျပ်(၅)သိန်းခန့် သုံးစွဲဆောင်ရွက်ရန်၊

(၈) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ရင်းငြိမ်ကုန်ထုတ်စခန်း၏ ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေးစောင့်ကြပ်ကြည့်ရှုရေးအဖွဲ့မှ ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်သည့်နေရာတွင် စစ်ဆေးပြီး လျာထားရန်ပုံငွေအနေဖြင့် လစဉ် (၄၅၀,၀၀၀)ကျပ်ခန့် သုံးစွဲဆောင်ရွက်ရန်၊

(၉) ရေတိုက်စားခြင်း၊ မြေပြိုခြင်းများမဖြစ်ပေါ်စေရန် ရင်းငြိမ်ကုန်ထုတ်စခန်း၏ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးစောင့်ကြပ်ကြည့်ရှုရေးအဖွဲ့မှ မိုးကာလတွင် တစ်လလျှင်တစ်ကြိမ် နုန်းဖမ်းမြောင်းနှင့်ကန်များတွင် နုန်းအနည်ကျခြင်းများကို မျက်မြင်စစ်ဆေးမည်ဖြစ်ပြီး လျာထားရန်ပုံငွေအနေဖြင့် တစ်နှစ်လျှင်(၁)သိန်းကျပ်ခန့် သုံးစွဲဆောင်ရွက်ရန်၊

(၁၀) မီးဘေးကာကွယ်ရေးနှင့်စပ်လျဉ်း၍ ရင်းငြိမ်ကုန်ထုတ်စခန်း၏ ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့မှ မီးဘေးအန္တရာယ်ကာကွယ်ရေးပစ္စည်းများအားထားရှိရန်လိုအပ်ပြီး လျာထားရန်ပုံငွေအနေဖြင့် တစ်နှစ်လျှင် (၈)သိန်းကျပ်ခန့် သုံးစွဲဆောင်ရွက်ရန်၊

(၁၁) ကျန်းမာရေးနှင့်စပ်လျဉ်း၍ ရင်းမြစ်ကုန်ထုတ်စခန်း၏ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးစောင့်ကြပ်ကြည့်ရှုရေးအဖွဲ့မှ စခန်း၌ အိမ်သာသန့်ရှင်းမှုစီစဉ်ခြင်း၊ ဆေးကုသမှုအစီအစဉ် ပြုလုပ်ခြင်း၊ IEE အား လိုက်နာမှု ရှိ/မရှိ နှစ်စဉ် စောင့်ကြပ်ကြည့်ရှုဆောင်ရွက်ရန်။

(ဥ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** ဒေသခံပြည်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရန်၊

(ဎ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် မိုင်းပိတ်သိမ်းခြင်းအစီအစဉ်တို့အတွက် ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဏ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက်အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါ ကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေ ကျပ် သိန်း (၆၀) လျာထား သုံးစွဲဆောင်ရွက်ရန်၊

(၂) ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေ ကျပ် သိန်း(၃၀)လျာထား သုံးစွဲဆောင်ရွက်ရန်၊

(၃) ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်အတွက် ရန်ပုံငွေ ကျပ် သိန်း (၃၀) လျာထား သုံးစွဲဆောင်ရွက်ရန်၊

(၄) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေ ကျပ်သိန်း (၅၀၀) လျာထား သုံးစွဲဆောင်ရွက်ရန်၊

(၅) CSR လုပ်ငန်းများဆောင်ရွက်ရန်အတွက် ရန်ပုံငွေ ကျပ်သိန်း (၂၀၀) လျာထား သုံးစွဲဆောင်ရွက်ရန်။

(တ) **မိုင်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဖုန်မှုန့်များနှင့်ဓာတုအမှုန်အမွှားများလျော့နည်းစေရန်ရေဖျန်းခြင်း၊ လုပ်ငန်းသုံး ပစ္စည်းများအား မိုးရေကာဖျင် (Tarpaulin)များ ဖုံးအုပ်သယ်ယူခြင်း၊ အရည် အသွေးကောင်းမွန်သောလောင်စာဆီများ အသုံးပြုရန်၊

(၂) စီမံကိန်းပိတ်သိမ်းချိန်တွင် မိလ္လာစနစ်ဆိုင်ရာများကို စနစ်တကျ ပြုပြင်ခြင်း၊ စီမံကိန်းနေရာအတွင်းရှိ ရေပိုက်လိုင်းများ၊ ရေနုတ်မြောင်းများ၊ မြေအောက်ပိုက်လိုင်းများ စသည့်ရေမြောင်းစနစ်များကို ပိတ်ဆို့မှုမရှိစေရန် ဖယ်ရှားထိန်းသိမ်းခြင်း ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်း၊ ဖြိုဖျက်ထားသော ပစ္စည်းများအားသိုလှောင်ကန် သီးခြားပြုလုပ်၍ စွန့်ပစ်ခြင်း ဆောင်ရွက်ရန်၊

(၄) ပတ်ဝန်းကျင်ရှိဇီဝဆိုင်ရာထိခိုက်မှုများဖြစ်သည့် သဘာဝပေါက်ပင်များ၊ တိရစ္ဆာန်များနှင့် ဂေဟစနစ်တို့ကို သဘာဝအတိုင်း ပြန်လည်ရရှိအောင် ဂေဟစနစ်ထိန်းညှိခြင်းများ ဆောင်ရွက်ရန်၊

(၅) တူးဖော်ထားသည့် ကျင်း၊ ချိုင့်များ၊ ပျက်စီးသွားသော မြေသားနံရံများ၊ စုပုံထားသည့် စွန့်ပစ်မြေစာများနှင့် အတတ်နိုင်ဆုံး ပြန်လည်ဖြည့်တင်း၍ ပြုပြင်ထားသည့် မြေယာပေါ်တွင် ဒေသနှင့်ကိုက်ညီသောအပင်များ စိုက်ပျိုးရန်၊

(၆) အရည်အသွေးမပြည့်မီသော စွန့်ပစ်ကျောက်များ၊ လုပ်ငန်းခွင်အတွင်း အသုံးပြုထားသော ပိုက်လိုင်းများ၊ လျှပ်စစ်ကြိုးများနှင့် ဝါယာကြိုးများ၊ အဆောက်အဦဖြိုချရာမှ ထွက်ရှိသော အုတ်ခဲအကျိုးအပဲ့များ၊ သံထည်ပစ္စည်းများ စသည်တို့ကို လုပ်ငန်းခွင်နေရာမှ စနစ်တကျ ရှင်းလင်းဖယ်ရှားရန်၊

(၇) အန္တရာယ်ရှိသောနေရာများကို ခြံစည်းရိုးကာရံထားခြင်း၊ သတိပေးဆိုင်းဘုတ်များထားရှိပေးထားခြင်း၊ ပြည်သူများ ဖြတ်သန်းသွားလာခြင်းကို တားမြစ်ခြင်းများ လုပ်ဆောင်ရန်၊

(၈) ပိတ်သိမ်းပြီးနောက် ထိခိုက်ခံစားရနိုင်သော လူဦးရေနှင့် ထိခိုက်လွယ်သော လူဦးရေတို့ကို စစ်တမ်းကောက်ယူကာ ၎င်းတို့၏ ကျန်းမာရေးကို ပုံမှန်စစ်ဆေးပေးခြင်းနှင့် လူထုအကျိုးပြုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

(၉) မပိတ်သိမ်းမီ(၁)နှစ်အလိုတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ မိုင်းပိတ်သိမ်းခြင်းအစီအစဉ်အသေးစိတ်ကို တင်ပြအတည်ပြုချက်ရယူပြီးမှ ပိတ်သိမ်းခြင်းအား ဆောင်ရွက်ရန်၊

(၁၀) လုပ်ကွက်ပိတ်သိမ်းခြင်းအစီအစဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများမှ ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် စာချုပ်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆)တွင် ဖော်ပြထားသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE)အစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ် (၂၀၂၀) တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်၊

(၂) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတစီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၃) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၄) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များ စုစည်းခြင်းနှင့်ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်-

(ကက) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စီမံကိန်းလုပ်ငန်း

များမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်နှင့် လပဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(ခခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများစီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာမှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(ငင) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်များနှင့် စီမံကိန်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(ဇဇ) စွန့်ပစ်မြေစာများကြောင့် ရေစီးရေလာပိတ်ဆို့မှု၊ နုန်းအနည်ကျမှုနှင့် ရေကြီးရေလျှံမှုမဖြစ်စေရန် စွန့်ပစ်မြေစာများကို မြစ်၊ ချောင်း၊ မြောင်းများမှ အနည်းဆုံးပေ(၃၀၀)အကွာတွင် မြေစာပုံကွင်း ပြုလုပ်၍ စနစ်တကျစွန့်ပစ်ရန်နှင့် ရေစီးရေလာပိတ်ဆို့မှုမရှိစေရေး ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်။

(၁) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်း စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်အပိုဒ် ၂.၇.၁ ပါ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) စီမံကိန်းနှင့်အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့်သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ခုတ်လှဲရှင်းလင်းရသော သစ်ပင်များအား ဒေသနှင့်ကိုက်ညီသော သစ်ပင်များဖြင့် ရှင်သန်ကြီးထွားအောင် စိုက်ပျိုးရန်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၁၃၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၄၇ (ဃ)၊ ၁၇၀ (ဂ)၊ ၁၇၄၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၈၀၊ ၁၈၁၊ ၁၈၄ (ခ) တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရန်၊

(၃) ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ

သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(င) **သတ္တုတွင်းလုပ်ငန်းများအတွက်ရေရယူသုံးစွဲခြင်းဆိုင်ရာစည်းကမ်းချက်များ။** သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၁၆၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၂၊ ၁၅၃၊ ၁၅၄ ပါ သတ်မှတ်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ရမည်။

(စ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့်ဖြစ်နိုင်သော အနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဆ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာစည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင်ဖော်ပြထားသည့် သတ္တုတွင်းပိတ်သိမ်းရာ၌ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်းအဆိုပြုသူသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၁၈၆ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့်အညီပိတ်သိမ်းရန်စီစဉ်ထားသည့် အချိန်မတိုင်မီ(၁)နှစ်ထက် နောက်မကျစေဘဲ အပြီးသတ်ပိတ်သိမ်းခြင်းအစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်၊

(၃) မြေဆီလွှာပျက်စီးသွားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများ

ဖုံးအုပ်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင်များ စိုက်ပျိုးရန်၊ အပင်များရှင်သန်ကြီးထွားသည်အထိ တာဝန်ယူဆောင်ရွက်ရန်။

(ဈ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီး ဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာဝန်ကြီးဌာနသို့စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ် ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာ နိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်လိုအပ် သည့်အကြောင်းကိစ္စရပ်ကို (၂၄)နာရီအတွင်းလည်းကောင်း၊ အခြားအကြောင်း ကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင် သိရှိသည့်အချိန်မှ (၇)ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေး တင်ပြရမည်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာ သည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက

စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသောအချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့်ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည် တင်ပြရမည်။

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်း အထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့်အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့်လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရသတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့်ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံ

ချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့အကြောင်းကြားရမည်။

(ည) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိဆောင်ရွက်ပေးရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ(Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဋ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့်ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့်ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ဌ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှ စာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိဘက်စုံ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါစည်းကမ်းသတ်မှတ်ချက်များနှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက် အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့်ပြင်ဆင်ဖြည့်စွက်ထားသောမှတ်တမ်းနှစ်မျိုးလုံးကိုဖတ်ရှုနိုင်သည့် သို့မဟုတ်ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ)များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းစသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်

နှင့် အများပြည်သူသိရှိစေရန်ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ(၁၀)ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရေးတင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကိုရရှိပြီး နောက်(၁၀)ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည်ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့်စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအားကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေးခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင် သော်လည်းကောင်း၊ စီမံကိန်းသည်သက်ဆိုင်ရာပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာသတ်မှတ်ချက်များအား ချိုးဖောက်သည်သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနကသတ်မှတ်သည့်မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေးခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန်လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများစစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၁၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရန်။

(၃) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ထားရှိဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရန်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအတွက် ရန်ပုံငွေတစ်ရပ်ကြိုတင်ထူထောင်ထားရှိရန်၊

(၂) သတ္တုတွင်းပိတ်သိမ်းခြင်းကို မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆ ပါ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန်နှင့်မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၂ နှင့်အညီ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများအတွက် ရန်ပုံငွေထူထောင် ထားရှိရန်၊

(၃) ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအပေါ် အရည်အသွေးထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၉၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃ တို့နှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေထူထောင်ထားရှိရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

သက်တမ်းမကုန်ဆုံးမီ (၆)လကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည်ပြုခဲ့သည့် အချိန်မှကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု

သက်သေခံလက်မှတ်နှင့်စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာအပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေး ထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သတ္တုတွင်းနည်းဥပဒေ ၁၉၂ (က) အရ နိုင်ငံတော်ပိုင် ဘဏ်တစ်ခုခုတွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိရန်၊ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်နှင့်လူမှုစီးပွားထိခိုက်မှု သို့မဟုတ် ထိခိုက်ရန်အလားအလာရှိမှုများကိုကုစားပြင်ဆင်ရန် ချက်ချင်းဆောင်ရွက်သည့် လုပ်ငန်းများတွင် ထိုငွေရေးကြေးရေး အာမခံချက်ကို အသုံးပြုရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---